အညာစုကျေးရွာ

သနပ်ပင်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၀ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အညာစုကျေးရွာ၊ သနပ်ပင်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ မတ်လ

မာတိကာ


မာတိကာ ၁
စကားချီး ၅
ကသစ်ခုံကျေးရွာအရင်းအမြစ်ပြမြေပုံ၊ သနပ်ပင်မြို့နယ် ၇
အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈
(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈
(က)ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု
(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၁
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၅ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ သောက်သုံးရေရရှိမှု
ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီ
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေ ကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှား ရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)၇၀

ဇယား ၄၅

ကိုးကားစာရင်း ၇၅

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၆
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၁၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ရွာ၏ ထမဦးဆုံး သော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ နဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး နအား ထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက် များနှင့် အကြံဉာဏ်များကို က်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ န်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာ လုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ နှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို သိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ ချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီး ဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ရွာဖွံ့ဖြိုးရေး စီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက် အလက်ရရှိ နိုင်သော ရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ ချက်အလက် များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ယူရန်လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။ ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်း ဂဏန်း အချက်အလက်များ ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် က်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် ရောက်တွင် ပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲ များနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် ပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်သွားရပါမည်။ ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော စားပေးလုပ်ငန်း များ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ လက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု ခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။ ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ ပိုင်း(က)တွင် ဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ ကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေး လုပ်ငန်း အစီအစဉ်များ၊ဘတ်ဂျက်နှင့် ကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို မိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊

အကြောင်း ရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

မတ်လ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အညာစုကျေးရွာ
သနပ်ပင်မြို့နယ်

သူငွေးကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ သနပ်ပင်မြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်း များ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါ သည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့ အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်းသတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာ စီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိ ပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလ ပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် နုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်း လင်းလင်း ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာ ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကို ရှိစေရန် မျှော်လင့်ပါသည်။ နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု ကျွန်ုပ်တို့၏ကျေးရွာ အဆင့် အားထုတ်မှု့များအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူ ညီများကို စုစည်းဆောင်ရွက် ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ ရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့်

အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ မှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိ နိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစား ချေးငွေလုပ်ငန်းရှင်များအနေဖြင့် လက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ မိုသိရှိလာနိုင်မည် ဖြစ်သည်။ နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် ကွာသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ ကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သောသုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့ အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ကြည့်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။ နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ စိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ ချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာ နိုင်ပါမည်။ ၁.၂ မံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင် သော ငွေကြေး၊ အစိုးရနှင့် ခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများ မှတ်ခဲ့ပါသည်။ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ ည်။လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် င်းလင်း မှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ သို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်း အားဖြင့် ရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက် ပါသည်။ကျွန်ုပ်တို့၏ ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး ခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်ထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့်အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝ သယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည်ဇီးပင်နှင့်ထပ်ခမိန်လမ်းတည်ရှိပြီးသနပ်ပင်မြို့နယ်နှင့်ဆက်သွယ်သွား ရလွယ်ကူသည်။အုပ်ချုပ်ရေးရုံးစိုက်ရာသနပ်ပင်မြို့နယ် နှင့်ဆက်သွယ်သွားလာရန် လွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေး နှင့်မွေးမြူရေးလုပ်ငန်းများဖြစ်ကြသည်။ ဒေသ၏ တစ်နှစ်ပျှမ်းမျှမိုးရေချိန်မှာ

ဂမှာ၁ဂဂလက်မဝန်းကျင်တွင်ရှိပြီးစိုက်ပျိုးရေးလုပ်ငန်းအတွက်အသင့်တင့် အထောက်အကူပြုသည်။ကျေးရွာ သည်ကုန်းပိုင်းတွင်ရှိပြီး ဆားငန်ရေဝင်မှု များရှိသည်။ ကျေးရွာအနီးတွင်တောတောင်မြစ်ချောင်းများမရှိဘဲမြေပြင်အနေအထားမှာမြေပြန့်ဖြစ်သ။ လယ်ယာမြေများသည် စပါးစိုက်ပျိုးထုတ်လုပ်ရန်နှင့် သက်မွေးဝမ်းကြောင်းရန်အတွက် အဓိကအားထားရာဖြစ်သည်။၂၀၁၄ခုဩဂုတ်လတွင် သနပ်ပင်မြို့တောင်ဘက်ခြမ်းရှိ အနိမ့်မှ ကျေးရွာ အချို့တွင်ရေလွှမ်းဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများခံစားရခဲ့လည်း ဤ ရွာကင်းလွတ်ခဲ့ သည်။

(ခ) သဘာဝအရင်းအမြစ်ဓါတ်သတ္တုများမထွက်ရှိပါ။ ယ်ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့် တင့်ကောင်းမွန်သည်။ တောင်သူအချို့မှာ သုံးဆယ်ရေလှောင်တမံမှ လည်ရေဖြင့် လယ်ယာမြေဧက (၂၉၅)ကိုသာ ရေသွင်းစိုက်ပျိုးနိုင်သည်။ မြေအောင်ရေအသုံးပြုမှုနည်ပါးသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက(၂၉၅)ဧကရှိပြီး စပါးကိုအဓိကစိုက်ပျိုးကြသည်။

၃။ ရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ (က)လူဦးရေဆိုင်ရာ အချက်အလက်များအိမ်ထောင်စုပင်း (၇၂) စုနှင့်ကျား(၁၅၆)၊ မ(၁၅၂)ဦးဖြင့်လူဦးရေပေါင်း (၃၀၈)ဦးရှိ ကာတစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၂)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း၆ဦးထက် နည်းနေသည်။ကျေးရွာတွင် ဗမာဗုဒ္ဓဘာသာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏၆၆%ရှိသဖြင့် လူသားအရင်း မြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကိုသင်ကြားပေးပြီးဒေသစီးပွားရေး တိုးတက်အောင်ထမ်းဆောင်နိုင်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှုအဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု လုံး၏ ၇၂%)သည် ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုအဖြစ် ခံယူကြပြီး(၁၀%) ချမ်းသာသည့်အဆင့် ၊(၁၈%)သည် အလယ်အလတ်အဆင့်ရှိကြသည် ဟုသတ်မှတ်ကြသည်။ ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှု ၊ လက်လုမ်းမှီမှု ၊ ယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှုနှင့် ရွာစီးပွားရေးအနေအထားမှာ အသင့်အသင့်ကောင်းနိုင်သည်ဟုပြောနိုင်သည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည် ရွာတွင် အများဆုံးဖြစ်ပီး မြေယာအနည်းငယ် ပိုင်သော လက်သမား၊ လက်လုပ်လက်စား၊ ယာမဲ့အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု မြင့်မားပြီး(၄၃%) ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲ အဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှုကျေးရွာတွင် ယာမဲ့အိမ်ထောင်စုများပြားသော်လည်း သီအလိုက်လယ်ယာလုပ်ငန်း ၊ဆောက်လုပ်ရေးလုပ်ငန်း၊ ဆန်ကြိတ်စက်၊ သစ်ခွဲစက်၊

က်လီခေါင်းရွက်ဗျက်ထိုးလုပ်ငန်း များ၊မွေးမြူရေးလုပ်ငန်းများတွင် လုပ်အကိုင်ရှာဖွေ ရယူနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ ၀% ဖြစ်သော(၁၅)စု ကိုလေ့လာ ဆန်းစစ်မှုအရ ယင်းတို့၏ ၅%မှာသူ တစ်ပါးထံမှ ချေးငှားပြီးမှနပ်မှန်စားသုံး နိုင်ကြောင်း ၅%မှာသူတစ်ပါးထံ ချေးမငှားဘဲ လခန့်စားသုံး နိုင်ကြကြောင်း ၆၀%မှာ၃လမှ၆လခန့် ၊၁၂%မှာ ၆လမှ၁၂လခန့် တစ်ပါးထံမှမချေးငှားဘဲ စားသုံးနိုင်ကြကြောင်းတွေ့ရှိရသည်။ အကြွေး တင်ရှိမှုတွင် ကြွေးငွေ(၂၀၀၀၀/-)ကျပ်မှစ၍ (၁၀၀၀၀၀၀/-)ကျပ်အထိ တင်ရှိနေကြသည်။ မ်ထောင်စုအားလုံး၏ ၆% သည်အမျိုးသမီး ဦးဆောင်သော အိမ်ထောင် စုများဖြစ်ကြပြီး အိမ်ထောင်စုများမှာ ဆင်းရဲကာမိသားစုဦးရေ များကြသည်။ အလားတူအိမ် ထောင်ဦးစီးက ပြင်ပတွင်သွားရောက်လုပ်ကိုင်နေကြသော အိမ်ထောင်စု(၁၀)စုနှင့်မုဆိုးဖို စ်ခုလပ်ဦးဆောင် ည့်အိမ်ထောင်စု(၃)စု သည်ဆင်းရဲ ထိခိုက်လွယ်သော အိမ်ထောင်စု များဖြစ်ကြသည်။

(ဃ)ကျန်းမာရေးနှင့် အာဟာရ ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး သင့်အတင့် ကောင်းမွန် ကြပြီး အာဟာရ ပြည့်ဝမှုရှိကြသည်။ ကလေးငယ် အများစုလည်း ကျန်းမာရေး အသင့်ရှိကြသည်။သွေးလွန်တုပ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် မိုဖြစ်ပွားမှုရှိကြောင်း တွေ့ရသည်။အမျိုးသမီး၊လူငယ်၊လူရွယ်၊သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ သင့်အတင့် ရှိကြသည်။ ကျေးရွာတွင်အခြေခံကျန်းမာ ရေးစောင့်ရှောက်မှုများမရှိပါ။ ကျေးရွာတွင် လက်နှိပ် တုံကင်၊ မော်တာသုံး တုံကင်များမှမြေအောက်ရေကိုအလွယ်တကူ နိုင်ကြပြီးဝမ်းပျက်၊ ဝမ်းလျှော ၊တိုက်ဖွိုက်အစာအိမ်ရောင် စသောရောဂါများ ဖြစ်ပွားမှုနည်းပါးကြောင်း တွေ့ရ သည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများကျေးရွာ၏ ညာရေးအဆင့်အတန်း သည် အသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသား အများစု ည်အခြေခံအရေး၊ အဖတ်၊ အတွက် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် သင့်အတင့်ရှိနေသည်။ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်း က်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် ရွာသူ ရွာသားများ၏ သက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အတွက် လုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှုကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ တ်လပ်မှုရှိသည်။ ကျားမ ဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ နှုန်းများအရ ကောင်းစွာ သတ်မှတ် ထားကြသည်။ကျေးရွာတွင် ကျားနှင့်မအကြား င်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြား ဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ကျေးရွာတွင် မျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ် များတွင် ခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သော န်းဂဏန်းများတွင် မူလတန်း၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးရေအတွက် ထက်နည်းနေ

သော်လည်း အလယ်တန်းနှင့်အထက်တန်းများတွင် အမျိုးသမီး ရေအတွက်မှာ အမျိုးသားများ ထက် ပိုများနေသည်။ အမျိုးသမီးများအတွက် ပညာသင်ယူဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများ နှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အား ဘာဝနှင့်အင်အား စိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများ ထက် ပ်အားခ လျော့နည်းပြီး ရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီး ပါဝင်မှုတို့မှာ အလွန် လျော့နည်း လျက် ရှိသည်။ကျားမတန်းတူညီမျှမှုနှင့် ပါတ်သက်၍ သိပညာပေးခြင်းများ မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့ တွက် မိုအထောက်အပံ့ ဖြစ်လာနိုင် ပါသည်။၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ် ကျေးရွာတွင် မှုရေးဆိုင်ရာ(၆)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့နှင့် စီးပွားရေး ဆိုင်ရာ(၁)ဖွဲ့တို့ရှိပါသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာ အဖွဲ့ဖြစ်သည့် မျိုးသမီးရေးရာအဖွဲ့မှာ လုပ်ရှားဆောင်ရွက်မှုအားနည်းသည်။ မြန်မာ့အသေး စားငွေကြေးအဖွဲ့ပြင်ပမှဖွဲ့စည်းထားပြီးအသေးစားငွေစုငွေချေးလုပ်ငန်းကိုလည်းပတ်ဆောင်ရွ က်လျှက်ရှိသည်။ ရွာရှိအဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက် ဆောင်ရွက်မှု ဖွဲ့အစည်းဆိုင်ရာ သဘောဝတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ ထမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေး ဆိုင်ရာ စီမံအုပ်ချုပ်မှု မိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။

(ခ)သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍကျေးရွာတွင် ပါးကိုအဓိကစိုက်ပျိုးကြသည်။ နွေစပါး (၂၉၅)ဧကစိုက်ပျိုးကြသည်။နွေစပါးပျှမ်းမျှအထွက်(၂၆၀) နှုန်းထွက်ရှိကြသည်။ နွေစပါး(၂၉၅) ဧကကိုသုံးဆယ်ရေလှောင်တမံမှရေသွင်းစိုက်ပျိုးကြသည်။စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ ဝန်ဆောင်မှုများရရှိနိုင်ကြပြီးစိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်းနည်းပညာဝန်ဆင်မှုများ ပေးသည်၊တောင်သူအများစုသည်လယ်ယာလုပ်ငန်းခွင်အတွက်အလုပ်သမားမလုံလောက်မှု ပြဿနာကိုရင်ဆိုင်ရတက်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ဌားရမ်းရရှိနိုင်ကြ ကာကုန်ကြစရိတ်မြင့်မားရသည်။တောင်သူများသည်တစ်ခါတစ်ရံတွင်မိုးရွာသွန်းမှုမညီမျှမှုရ င်ဆိုင်ရတက်သည်။ပဲစိုက်ခင်းများတွင်ဖျက်ပိုးပိုမိုကြရောက်မှုကိုတွေ့ရပြီးယင်းဖျတ်ပိုးများသ ည်ပိုးသတ်ဆေးတချို့ကိုခံနိုင်စွမ်းရှိကြသဖြတောင်သူများအနေဖြင့်ထိရောက်သောဖျက်ပိုးနှိမ် နှင်းရေးနည်းစနစ်ကိုလိုလားနေကြသည်။ ရွာထဲမှငွေချေးယူများထံမှ ဌားလျှင်အတိုးနှုန်း မြင့်မားတက်သည်။ ကျေးရွာတွင်မွေးမြူရန်ရေမြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းမရှိပါ။

(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကျေးရွာတွင် အိမ်တွင်းထုတ်ကုန်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားလိုက် တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အသင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်များမှာ စိုက်ပျိုးရေးရာသီများတွင်သာအလုပ်အကိုင်များပြီး န်အချိန်များတွင်

အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့်တွက်ခြေကိုက်မှုနည်းပါးသည်။အပ်ချုပ်၊ မော်တော်ဆိုင်ကယ်ပြင်သက်မွေးဝမ်းကြောင်းသင်တန်းများဖြစ်ကြသည် ရွာသားအများစုသည်အဆိုပါသင်တန်းများနှင့်ထိတွေ့မှုနည်းပါးကြသည်။လုပ်ငန်းနှင့်နည်းပညာရည်အချင်း ပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့်လုပ်ငန်းထူထောင်ရန်လည်း မတက်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စု နည်းပါးပါသည်။

(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာပဲစိုက်ခင်းများတွင်ဖျတ်ပိုးများကျရောက်တက်ခြင်းကြောင့်ပိုးသတ်ဆေးနှင့်ဓာတ်မြေသြဇာသုံးစွဲမှုများပြားသဖြင့်မြေဆီလွှာအရည်အသွေးကြဆင်းလာနိုင်သည်။တောင်သူများ နေဖြင့်ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစားဓာတုပိုးသတ်ဆေးများကိုသာအသုံးပြုမှုများပြားည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း (၇၀)ပြားတိုး ၊ စ်ကေတစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ယူနိုင်ကြသည်။ကျေးရွာတွင်သမဝါယမ အသင်းဖွဲ့စည်းထားခြင်း မရှိသေးပါ။ ကျေးရွာသားအများစုသည်ချေးငွေကို အကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ကျန်းမာရေး၊ပညာ ရေး) အတွက်အထူးသဖြင့်စားနပ်ရိက္ခာအတွက်ချေးယူကြပြီး ကျေးရွာတွင်ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရပါသည်။ ကျေးရွာတွင် အကြွေးရှိမှု အနေအထား လေ့လာဆန်းစစ်ချက်အရ ပါဝင်သောဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများ အားလုံးသည်အကြွေးယူထားကြပြီး ၂၀၀၀၀၀မှ၄၀၀၀၀၀ကျပ်အထိ ချေးယူထားကြောင်း တွေ့ရပါသည်။

(စ) ပညာရေး၊ န်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ကျေးရွာတွင် မူလတန်းကျောင်းကို ၆၀*၃၀ပေ ရှယ်ရှိသွပ်မိုး အုတ်နံရံကာနှင့်အင်္ဂတေအခင်း င်းဆောင်တွင် သင်ကြားပေးသည်။ရွာသားများအားလုံးမှာရေးတက်ဖတ်တက်ကြပြီး ဦးရေအားနှင့်အလယ်တန်းကို ၃၀ပေ,၁၂၀ ပေ, ၁၀ ပေ အရွယ်ရှိ သွပ်မိုးအုတ်နံရံကာ ဂ်တေခင်းကျောင်းဆောင်တွင် စာပေသင်ကြားနိုင်သည်။ ရွာသား အများစု တက်ဖတ်တက်ကြပြီး လူဦးရေအားလုံး၏ ၁% န်းကြီးကျောင်းပညာရေးကိုရရှိထားကြသည်။ လတန်းအောင် ရာခိုင်နှုန်းလည်း အသင့်အတင့်ရှိသည်။ မူလတန်းပြဆရာ/မ(၄)ဦး ပါသည်။ကျောင်းတွင် တပည့်ဆရာအချိုးသည် (၄း၄၄)ကျောင်းဆရာ/မ အားလုံးလောက်မှုရှိသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိပါ။ သူရွာသားများအတွက် ကျန်းမာရေး ဝန်ဆောင်မှုတို့အတွက် လက်လှမ်းမှီမှု ဝေးကွာနေပါသည်။ ရွာမှလျှပ်စစ်မီးမရရှိပါ။ ချမ်းသာသောအိမ်ထောင်စုများကအိမ်သာများကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး၊ ဆင်းရဲသောအိမ်ထောင်စုများက ဝါးထရံပတ်ဖြင့်ဆောက်လုပ်သုံးစွဲကြသည်။

(ဆ) လူငယ်နှင့် ဉ်ကျေးမှု    လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထား သီးသန့်မရှိပါ။ သို့သော်လူငယ်အားလုံးသည် ကျေးရွာလူမှုလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖြိုးရေး လုပ်ငန်းသီးသန့် ဖော်ဆောင်ခြင်း မရှိသေးပါ။

(ဇ) အခြေခံအဆောက်အဦအား က်လုမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး    ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ သင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက် င်သည်။ ကျေးရွာတွင်စာကြည့်တိုက် မရှိပါ။ ကျေးရွာတစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီ န်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါ သည်။

(ဈ) ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး    ကျေးရွာတွင်ရာဇဝတ်မှု ခင်းဖြစ်ပွါးမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူ မရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေး အန္တရာယ် လျော့ပါးရေးအစီအစဉ်သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွါးခြင်းနည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတား နှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ

• ကျေးရွာတွင် လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ ၈၀%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေး ဝမ်းကျောင်းသင်တန်းများကို အခြားသူများအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသား အရင်းအမြစ်များကို တိုးတက်ကောင်းမွန်သည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေ အသင့်အတင့်ရှိပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမမီနိုင်ပါ။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေး အနေအထားမှာ အသင့်အတင့်ရှိသည်။

• ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသဖြင့် အထူးသဖြင့် ကြက်နှင့်နွားကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။သို့သော်မွေး/ကု ဦးစီးဌာနမှ လိုအပ်သောနည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုလည်း တိုးမြင့်ဆောင်ရွက်ပေးရန်လိုသည်။

• ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ရောင်းဝယ်မှုကို ချောမွေ့စေသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

• ကျေးရွာတွင်းရှိလယ်ယာမြေများမှာမြေဆီဩဇာအသင့်တင့်ကောင်းမွန်သည်မှအပအခြားသယံဇာတများ မထွက်ရှိပါ။လယ်ယာမြေကိုထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့်လယ်သမားများအဖို့အထွက်နှုန်းတိုးမြင့်အောင်အားစိုက်ရပေမည်။

• ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းအဖြစ် တစ်နိုင်တစ်ပိုင်အထည်ချုပ်လုပ်ငန်းအသေးစားရှိပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ် လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၄) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရား တိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး ၊ မွေးမြူရေးနည်းပညာများ ထွန်းကားလာရေးအတွက် သက်ဆိုင်ရာနည်းပညာ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများက တဖန် ကျေးရွာတွင် ရရှိထားသောနည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင် လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်း များသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရ လုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြှင့်လာရေးအတွက် ဆောင် ရွက်ပါမည်။ ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး အလယ်တန်းကျောင်းခွဲတွင် ဘာသာရပ် အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာမများခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် လမ်း/တံတားအခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေး အတွက် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြု စီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်းတိုးတက်အောင် ဆောင်ရွက်သွား ကြမည်။ ကျေးရွာလူထုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင် အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေး အဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများ အနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသ ဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာ အဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့ အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုး ပေးမှုသည် အလွန်အရေး ပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလ အတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ် ပမာဏ ပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန် ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာတွင်စပါးအပြင်ပဲကိုသီးထပ်အဖြစ်စိုက်ပျိုးကြသည်။တောင်သူများအတွက်သီးနှံပိုးကျရောက်ခြင်းသည်အဓိကပြဿနာတစ်ရပ်ဖြစ်ပြီးဖျက်ပိုးထိရောက်စွာနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှဝန်ထောင်မှုများကိုရသော်လည်းစိုက်ပျိုးရေးထွက်ကုန် အစ္စည်းများရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကိုအားထားရသည်မှာပိုများသည်။ သီးနှံဖျက်ပိုးများသည် သီးနှံမျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာ အသုံးပြုမှုအပါအဝင်ပိုးမွှားနှိမ်နင်းရေးနည်းပညာအသစ်ရရှိရေးအတွက်စိုက်ပျိုးရေးဦးစီးဌာနကဦးစီးဦးရွက်ပြုသင့်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူ ကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစား လုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်း များအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမ အသင်းအဖွဲ့အစည်းထား ခြင်းမရှိသေး သဖြင့် မြို့နယ်သမဝါယမ အသင်းက ချေးငွေလိုအပ်သူ ရွာသားများအတွက် ချေးငွေ အစီအစဉ် ကိုဆောင်ရွက် ပေးသင့်ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှု များအဖြစ် သဘော ထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက်

မျှော်မှန်းရေးဆွဲထားနိုင် ကြသော်လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ ထို့ကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ် ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများ ဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်း စီမံချက်များသာ ပါဝင်လာနိုင်ပါမည်။

ကျနုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် နှစ်အလိုက် ဘတ်ဂျတ်နှင့် ငွေကြေးရရှိနိုင်ရာများအပါအဝင် စီမံကိန်း၊ စီမံချက်များကို အချိန်နှင့်တပြေးညီ ဖြည့်စွက်ရေးသွင်းနိုင်ရန် လမ်းဖွင့်ပေးထားသည်။ ကျေးရွာ၏ဦးစားပေးလုပ်ငန်းများသည် သင့်တော်သောအရေးယူဆောင်ရွက်မှု လိုအပ်သည့် ဖွံ့ဖြိုးရေး ဆိုင်ရာကိစ္စရပ်များ ပေါ်ပေါက်လာမှု၊ အတွေးအမြင်နှင့် မဟာဗျူဟာအသစ်များ ပေါ်ထွက်လာမှု၊ သဘာဝ ဘေးအန္တရာယ်၊ ဒေသတွင်းပဋိပက္ခကဲ့သို့သော အခြားအကြောင်းအရာများ ဖြစ်ပွါးမှုတို့ပေါ်မူတည်ပြီး ပြောင်းလဲမှုရှိနိုင်သည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက် သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ် ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional classification)ဖြင့် ဝန်ကြီး ဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာ များကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စု သတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံး စရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)–* ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြား များကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့မှု တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန် လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအျဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| လမ်း | ၁။ ရွာလယ်လမ်း | ၁၀၀ | ၁ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးစီးပြီး ရွာလမ်းများကို ဂဝံလမ်းခင်းနိုင်ရန် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အခြားအကူ အညီပေးနိုင်သော အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်။ | |
| လမ်း | ၂။ ရွာတောင်ဘက်လမ်း | ၉၉ | ၂ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးစီးပြီး ရွာလမ်းများကို မူလရှိပြီးသားမြေသားလမ်းအားဂဝံလမ်းခင်းနိုင်ရန် ကျေးလက်လမ်းဦးစီးဌာန၊ အခြားအကူ အညီပေးနိုင်သော အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်။ | |
| *ပညာရေး* | | | | | |
| | ၃။ ကလေးပျော်ကျောင်းဝန်းကျင် ဖန်တီးပေးခြင်း | ၈၀ | ၃ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးစီးပြီး ကျောင်း ဆရာ/မ ဝန်ထမ်းအင်အားဖြည့်တင်းရေး၊ စာသင် ကျောင်းဆောင်တိုးချဲ့ခြင်း။ကျောင်းပရိဘောဂဖြည့်တ င်းခြင်း လုပ်ငန်းများအကောင်အထည်ဖော် နိုင်ရန် ပညာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | |
| *ကျန်းမာရေး* | | | | | |
| | ၄။ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေး | ၇၇ | ၄ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးစီးပြီး ကျန်းမာရေးဝန်ထမ်း အင်အားဖြည့်တင်းရေးနှင့် | |

ရေကန် တူးဖော်နိုင်ရေး တို့အတွက်
ကျန်းမာရေးဦးစီးဌာနနှင့် ကျေးလက် ဦးစီးဌာန
ချိတ်ဆက်ဆောင်ရွက်သွားမည်။

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာ တွင်လည်း ထည့်သွင်း ပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ ရွာလယ်လမ်း အဆင့်မြှင့်တင်ခြင်း | ၁ | —— | —— | —— | —— | —— |
| ၂။ ရွာတောင်ဘက်လမ်းအဆင့်မြှင့်တင်ခြင်း | ၂ | —— | —— | —— | —— | —— |
| ၃။ ကလေးပျော်ကျောင်းဝန်းကျင် ဖန်တီးပေးခြင်း | ၇ | —— | —— | —— | —— | —— |
| ၄။ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေး | ၈ | —— | —— | —— | —— | —— |

### ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ် ဆက်လက်၍ ဆောင်ရွက် ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီ သည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှု ပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်းဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ခြင်း | | | √ | | |
| ၂ | ရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း | | | √ | | |
| ၃ | ကလေးပျော်ကျောင်းဝန်းကျင် ဖန်တီးပေးခြင်း | | | √ | √ | |
| ၄ | ကျန်းမာရေးအဆင့်အတန်း မြင့်မားရေး | | | √ | √ | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

**(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ် ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီ အသီးသီးအား တာဝန်များ ခွဲဝေအပ် နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာ အသင်း သည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန် တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

**(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည် ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်း သည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ် ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့် တင်ရန် မြို့နယ် ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

## (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါ ခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများ အတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်း တစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန် ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ် ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စ မျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ သည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာ အလှောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ် သန်းသွား

လာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သောစည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်း ကော်မတီ၊ စာသင်ကျောင်းပြုပြင် ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေ များအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင် အထည် ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများ ကိုကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ ဆောင် ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံး လုပ်ငန်းများ တည်ဆောက် ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေး ခြင်းလုပ်ငန်း ကိုကျေးရွာဖွံ့ဖြိုး ရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက် နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီး တို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်း အချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်း အချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှု ကိုတိုင်းတာမည့် အညွှန်းကိန်း (indicator) များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန် တိုင်းတွင် ကော်မတီနှင့် အဖွဲ့ အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report)ကိုရွာလူထု အစည်းအဝေး၌

အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင် ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာ သည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြု ချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရ သော အခက်အခဲများ ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာ သည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင် ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင် ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ် တွေ့ဆုံပွဲ၏ ရည်ရွယ်ချက် မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-ကျေးရွာအုပ်စု အုပ်ချုပ်ရေး အဖွဲ့၊ မြို့နယ် အုပ်ချုပ်ရေးနှင့်အခြား သက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။ နှစ်ပတ်လည် သုံးသပ်ပွဲမှ

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူ များထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်း ကိုလည်းရရှိပါ မည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက် နိုင်မည် ဖြစ်ပါသည်။

**နောက်ဆက်တွဲ (၁)**

**၁. ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ**

**၁.၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်**

**နောက်ဆက်တွဲ (၁)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၂ | ၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၀ | ၁၇ | ၂၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၃ | ၂၃ | ၄၆ |
